**ဖျောက်ဆိပ်မွန်းတည့်** က၊ <phyaut hseit mun: te'> 缅甸泼水节后约140天昴星团处于天空正中

**ဖျောက်ဆိပ်မွန်းလွဲ** က၊ <phyaut hseit mun: lwe:> 缅甸泼水节后约154天,昴星团开始转向西半天

**ဖျောက်ပယ်** က၊ <phyaut pe> 消除

**ဖျောက်ဖျက်** က၊ <phyaut phyet> ①消除,灭迹,消灭: ထိုမြင်ကွင်းကိုမျက်စိထဲမှ ～ ၍မရနိုင်အောင်ရှိတော့သည်။ 这一情景无法从眼中消除掉。②杀掉,干掉: ရန်ငြိုးနှင့် ～ ရန်ကြံရွယ်၏။ 怀恨在心企图杀害(他)。/ ပိုးမွှားတို့ကို ～ ရန်ဆေးရည်ဖြန်းသည်။ 洒药水灭虫。③掩盖,遮掩: သူကလာဘ်စား၍အမှုကို ～ သည်။ 他受了贿把案子捂起来了。

**ဖျောက်ဖျဉ်** က၊ <phyaut phyin> (书) = ဖျောက်ဖျက်

**ဖျောက်ဖြေ** က၊ <phyaut phyei> 消除,解除(郁闷): အပျင်းကို ～ သည်။ 解闷。/ မုန်းတီးစိတ်ကို ～ သည်။ 消除仇恨心理。

**ဖျောက်လွှင့်** က၊ <phyaut hlwin'> 消除,驱散: အလင်းရောင်သည်အမှောင်ထုကို ～ သည်။ 光明驱散了黑暗。

**ဖျင်** I န၊ <phyin> ①土布,粗布: ～ ဖိနပ် 土布鞋 / ～ အင်္ကျီ 土布衣服 / ～ လက် (古)土布衣袖 / ～ ဝတ်လုံ (古)(贵族)穿的土布长袍 ②(古)衣服 II က၊ <phyin> 砍平,削齐: သစ်တုံး ～ သည်။ 把砍倒的树木的树叶和根砍掉削平。 III နဝ၊ <phyin> (古)丰盛的,大量的: မိုး ～～ ရွာ သည်။ 雨下得很大。

**ဖျင်ကူးကစား** က၊ <phyin ku: g-za:> (古)抽彩

**ဖျင်ကြမ်း** န၊ <phyin gyan:> 手工织土布,粗布: ～ စောင် 粗线毯

**ဖျင်ထပ်** က၊ <phyin htat> 穿缅王赏赐的衣服: ～ မင်္ဂလာ 缅王朝赏赐衣服的仪式

**ဖျင်ပိုင်း** န၊ <phyin bain:> 土布的布头

**ဖျင်း** I က၊ <phyin:> (用刨子刨之前)粗略地砍(木材): အိမ်တိုင်များကိုအချောမရွေရသေးပါ၊ အကြမ်းမျှသာ ～ ထားရုံပါသေးသည်။ 柱子还没有刨光,仅仅是粗略砍了一下。 II နဝ၊ <phyin:> 无用的,低劣的,愚笨的: ဥာဏ် ～ သည်။ 愚笨。/ လူ ～ လူညံ့ 笨伯 / စပါး ～ 瘪谷

**ဖျင်းချာ** နဝ၊ <phyin: khya> 低劣,拙劣

**ဖျင်းပုံဖျင်းလက်** န၊ <phyin: bon phyin: let> 顽劣的样子,低劣的样子: မင်းညီ ～ မျိုးနဲ့စွံမှာမဟုတ်ပါဘူးကွာ။ 像你弟弟那样差劲的人是找不到对象的。

**ဖျင်းမကြီး** န၊ <phyin: ma' gyi:> (多种稻谷混在一起的)混合稻

**ဖျင်းရွေ** က၊ <phyin: ywei> 粗刨

**ဖျင်းသောင်း** နဝ၊ <phyin: thaun:> 不孕;不结果实: စပါး ～ သည်။ 稻子不结谷粒。

**ဖျင်းသောင်းဖျင်းသွံ** ကဝ၊ <phyin: thaun: phyin: thun> 庄稼长得差: မျိုးစေ့များသည် ～ ဖြစ်နေသည်။ 种子很差。

**ဖျင်းသုဉ်း** နဝ၊ <phyin: thon:> 低劣,消失: ～ တဲ့မျိုးစေ့ 发育不良的种子,秕子

**ဖျင်းသိမ်** နဝ၊ <phin: thein> 卑劣,庸俗: ～ သောစကားကိုမပြောသင့်။ 不应讲庸俗的话。

**ဖျင်းသွံ** နဝ၊ <phin: thun/ phyin: thun> 卑劣的,劣等的: ～ သောစပါးများ 秕谷 / စာရိတ္တ ～ သောသူ 品质卑劣的人

**ဖျင်းသွမ်း** နဝ၊ <phyin: thun:> 卑劣,恶劣

**ဖျင်းအ** နဝ၊ <phyin: a'> 拙劣,笨拙

**ဖျောင်းဖျ** က၊ <phyaun: phya'> ①说服 ②劝导,诱导: ဒီလိုမလုပ်ဖို့သူ့ကို ～ လိုက်ပါ။ 劝他不要这样做。

**ဖျစ်** က၊ <phyit> 捏,扼,掐: လက်နှင့် ～ သည်။ 用手捏。/ လည်ကို ～ သည်။ 掐住脖子。

**ဖျစ်ညှစ်** I က၊ <phyit hnyit> 捏,扼,掐拧,挤(出): လည်ပင်းကို ～ သည်။ 掐住脖子。 II ကဝ၊ <phyit hnyit> ①勉强地: စိတ်မပါတပါနဲ့အလုပ်ကိုမနဲ ～ လုပ်ကိုင်ရတယ်။ 心不在焉地勉强干着。②硬逼着,强制: ～ ခိုင်းတော့မှသူသွားတယ်။ 硬逼着他才去。/ အခွန်အကောက်တော် ～ ကောက်ခံသည်။ 横征暴敛。

**ဖျစ်တီးဖျစ်တောက်** ကဝ၊ <byit ti: byit taut> = ဖျစ်တောက်ဖျစ်တောက်

**ဖျစ်တောက်ဖျစ်တောက်** ကဝ၊ <byit taut byit taut> 唠唠叨叨,絮絮叨叨: ～ မလုပ်ပါနဲ့။ 别唠叨! / ～ နှင့်ရေရွတ်နေသည်။ 唠唠叨叨地埋怨着。

**ဖျစ်ဖျစ်** မသ၊ <phyit phyit> 噼噼啪啪: ～ လောင်သည်။ 噼噼啪啪地燃烧着。

**ဖျဉ်** က၊ <phyin> ①砍平,削齐,也写做 ဖျင် ②分析,评判 ③排解,劝解,调解: ရန်ဖြစ်နေကြတာကိုသွား ～ လိုက်ပါ။ 给(他们)劝解劝解吧。④清理,解脱: ကြိုး ～ သည်။ 解开绳子。/ ရှုပ်ထွေးနေသောချည်ခင်ကို ～ သည်။ 理清乱线团。

**ဖျဉ်တား/ဖျင်းတား** က၊ <phyin ta:/phyin: ta:> 调停,排解

**ဖျဉ်တွက်** က၊ <phyin twet> (罕)分析,判断

**ဖျဉ်ပိုင်း** က၊ <phyin pain:> 分析,判断: ပြဿနာကို ～ ဝေဖန်ဆုံးဖြတ်သင့်သည်။ 对问题必须进行分析研究然后做出决定。

**ဖျဉ်ဖြေ** က၊ <phyin phyei> = ဖျန်ဖြေ

**ဖျဉ်း** န၊ <phyin:> ①上釉的陶罐,缸 ②陶盆,陶罐 ③鼓胀病

**ဖျဉ်းကနဲ** ကဝ၊ <phyin: k-ne:> 热辣辣: ကျနော့်တကိုယ်လုံး ～ ဖြစ်သွားတယ်။ 我全身感到热辣辣的。

**ဖျဉ်းစွဲ** န၊ <phyin: swe:> 患鼓胀病: ～ လေနာ 气鼓病 / ～ ရောဂါ 鼓胀病,血吸虫病

**ဖျဉ်းပက်လက်** န၊ <phyin: pet let> 宽口大陶盆,不带盖的陶罐